# ဗမာပြည်ကအရိုးတွန်သံကျူးရင့်မည့်အခါ...

နိုင်ငံတခုရဲ့သမိုင်းဆိုတာ တကယ်တော့ ကျမ်းတစောင်အဖြစ်နဲ့ တိုင်းသူပြည်သားတိုင်းရဲ့အိမ်ရှေ့ဧည့်ခန်းကစားအုပ်စင်ပေါ်မှာ ခန့်ခန့် ထည်ထည်ရှိနေရမှာ...

ကျမတို့မြန်မာနိုင်ငံရဲ့သမိုင်းကိုတော့ ဗြိတိသျှလက်ဝေခံဘဝကလွတ်မြောက်ချိန်ကစပြီး "အာသံနိုင်"မော်ကွန်းလို့ ကဗျည်းထိုးရမလိုပါ။ (အာသံအာရင်းသန်သန်နဲ့နှစ်ပရိစ္ဆေဒကြာအောင်ငြင်းရင်း အနိုင်အဖြစ်သတ်မှတ်ခြင်းခံရတဲ့ကျမတို့သမိုင်းကိုဆိုလိုတာပါ)

ဒီတော့ မြန်မာလူငယ်တွေလေးက ကိုယ့်နိုင်ငံရဲ့သမိုင်းကိုသိချင်ရင် **Google Art** မှာ **Burma** လို့ ရိုက်ထည့်လို့မရနိုင်ပါဘူး။ (ဗမာ ပြည်မှာ အင်တာနက်မပြောနဲ့။ ကွန်ပြူတာကိုတောင်လူငယ်အားလုံးရဲ့ ဆယ်ပုံတပုံသုံးနိုင်ဖို့မသေချာလို့ပါ။) ကိုယ့်နိုင်ငံရဲ့ သမိုင်းကိုသိချင် ရင် ကိုယ့်တိုင်းပြည်မှာ ရှုဒေါင့်မျိုးစုံကနေ ကိုယ်တိုင်ဖြတ်သန်းခဲ့ကြရတဲ့လူကြီးသူမတွေကို မေးမြန်းစုံစမ်းတဲ့နည်းက ရိုးစင်းသော် လည်း မဟောင်းနွမ်းသေးတဲ့ သမိုင်းသုတေသန ချဉ်းကပ်နည်းတခုအဖြစ်အသုံးပြုနေဆဲ။

တချို့ကျတော့ သီချင်းတွေထဲကနေပြီးတော့လည်း အချက်အလက်တွေ၊ ဖြစ်ပျက်ပုံတွေကို စုဆောင်းနိုင်ပါတယ်။ သီချင်းဆိုတာကလည်း ရင်ထဲကခံစားလာရမှရေးလို့ထွက်လာနိုင်တဲ့ တေးရေးဆရာရဲ့ ရင်နှစ်ပုလဲစစ်စစ်ဖြစ်တဲ့အတွက် ယုံကြည်ထိုက်တဲ့ သမိုင်းအချက်တွေလို့ လက်ခံနိုင်ပါတယ်။

**တက္ကသိုလ်တို့ကျောင်းတနေရာ...အုတ်ပုံအုတ်ပျက် စုလျှက်ပုံလျှက်နေပြန်တာ**
**မြေမှာပြိုလဲ...မသဲကွဲသောထိုအချင်းအရာ ၊ အသေအချာကြည့်ပြန်တော့**
**အဖြေရှာသိနိုင်၊ ရာဇဝင်အခိုင်အမာ ကျောက်စာမော်ကွန်း၊ ထွန်းလျှက်တင်တာ**
**စစ်မြေထိုတလင်း၊ ခင်းတဲ့နေရာ**

ကျမ မမွေးခင်(၄)နှစ်၊ (၁၉၆၂)ခုနှစ်၊ ဇူလိုင်လ (၇) ရက်တွင် လှည်းတန်းမီးပွိုင့်အနီး၊ မင်္ဂလာဒုံ–ပြည်လမ်းမကြီးဘေးက ရန်ကုန်ဝိဇ္ဇာ နှင့်သိပ္ပံတက္ကသိုလ် (ရာဇူး)ရဲ့ သမိုင်းဝင်ကျောင်းသားသမဂ္ဂအဆောက်အဦးကြီးကို တော်လှန်ရေးကောင်စီအစိုးရလို့ သူတို့ကို သူတို့ သမုတ်ထားတဲ့ ဗိုလ်ချုပ်နေဝင်းရဲ့ စစ်အစိုးရက မိုင်းထောင်ဖြိုခွဲလိုက်ပါတယ်။ အဲဒီအဆောက်အဦးထဲမှာ ကျောင်းသားတွေရှိနေမှန်း သိသိကြီးနဲ့ တမင်ကိုပိတ်ပြီး ဖောက်ခွဲဖျက်ဆီးသတ်ဖြတ်ခဲ့တာပါ။

**သက်ဦးဆံပိုင်...ဘုရင်အလား...တမင်မသနား...ကျောင်းသားတွေကို အရှင်မထား**
**ကျောင်းရိပ်ကလေးကျဉ်းကျဉ်းထဲမှာ ...သေအများ...မပြေးသာ၊ စတေးရှာလေတော့တာ**
**ရုတ်တရက်သာ...သတ်ခဲ့တဲ့ဒီနေရာ၊ သွေးတွေမြေကျသမို့ အသည်းမှာ တကယ်မချမ်းသာ**

ဒီသီချင်းကို အဓိပတိလမ်းမကြီးပေါ်မှာဖြည်းဖြည်းလျှောက်ရင်းဆိုပြခဲ့သူက ကျမအဖေပါ။ သူက အဲဒီအရေးအခင်းဖြစ်တဲ့အချိန်မှာ ရာဇူး (**Rangon Arts and Science of University**) ကျောင်းသားကြီးတယောက်ဖြစ်ခဲ့ပြီး ကျောင်းသားတွေရဲ့ တဖက်သတ် သွေးမြေကျပွဲကို ကိုယ်တိုင်ကြုံတွေ့ခံစားခဲ့ရသူ။ သူပြောတဲ့သမိုင်းကို ယုံကြည်တာဟာ အဖေဖြစ်နေတာကြောင့်ထက် သမိုင်းစီးကြောင်း ထဲမှာ ကိုယ်တိုင်စီးမျောတိုက်စားခံခဲ့ရဖူးသူတယောက်အနေနဲ့ ယုံတာသာဖြစ်ပါတယ်။

"အဲဒီမတိုင်ခင်ကတည်းက သူတို့က ကျောင်းသားတွေနိုင်ငံရေးလုပ်တဲ့အစဉ်အလာကိုဖျက်ချင်လို့ သမဂ္ဂကို အကြောင်းရှာပြီး ပိတ်ဖို့ ကြိုးစားနေကြတာ။ ကုလားဒိန်စစ်ဗိုလ်တယောက်ကိုလွှတ်လွှတ်ပြီး အဆောင်ထဲမှာ လာလာရန်စနေခဲ့တာ၊ အဖေတို့ရဲ့ ကျောင်းသား ခေါင်းဆောင် (အဖေကျမကိုပြောစဉ်က ထိုစစ်ဗိုလ်၏အမည်ကိုရော၊ ကျောင်းသားခေါင်းဆောင်၏အမည်ပါ ပြောခဲ့သော်လည်း ကျမ၏ မှတ်ဉာဏ်ချို့ယွင်းမှုကြောင့် မမှတ်မိတော့ပါ။) က အပြုံးမပျက် သူရန်စသမျှနားထောင်နေခဲ့တယ်။ အဖေတို့ကတော့ အတွေ့အကြုံ နုတော့ မခံချင်စိတ်နဲ့ အဖေတို့ကျောင်းသားခေါင်းဆောင်ကို ဟိုလူစော်ကားသမျှ ခံရကောင်းလား၊ အဲဒီကောင်ကို ဝိုင်းရိုက်မယ်၊ ကိုယ့် ကျောင်းထဲမှာ ကိုယ့်လူတွေချည့်ပဲ၊ သူ့တယောက်ထဲကို ဘာကြောက်စရာလိုလဲလို့ဝိုင်းပြောကြတာပေါ့။ သူကအဖေတို့ကို ပြုံးကြည့်ပြီး 'သူတို့လိုချင်တာလည်း ဒါပဲဗျ၊ ခင်ဗျားတို့ဝိုင်းရိုက်တာခံချင်လို့ သူ့ခေါင်းကိုလာထိုးပေးနေတာ။ အဲဒါမှ နောက်တနေ့ကျရင် လူရမ်းကား ကျောင်းသားတွေက အစိုးရဝန်ထမ်းစစ်ဗိုလ်တယောက်ကိုဝိုင်းရိုက်ခြင်းဆိုပြီး စာလုံးမဲကြီးတွေနဲ့သတင်းရေး၊ ပြီးတော့ကျုပ်တို့ ကျောင်း သားသမဂ္ဂကို တရားဝင်ဖျက်သိမ်းခိုင်းပြီး ကျောင်းသားတွေနိုင်ငံရေးလှုပ်ရှားမှုကိုပိတ်လိမ့်မယ်လေ။ ဒေါသကိုထိန်းကြမှပေါ့ဗျာ'လို့ အဖေတို့ကို နားချခဲ့တယ်"

ဘယ်လိုပဲဖြစ်ဖြစ် အဖေပြောပြတဲ့စကားတွေထဲမှာ ကျောင်းသားတွေက စစ်ဗိုလ်တွေကို မင်းတို့ခေါင်းဆောင်တွေ နှစ်ယောက်ပေါင်းလို့မှ ခုနစ်တန်းအောင်လို့လား ဆိုတဲ့မေးခွန်းမေးခဲ့တယ်ဆိုတာကိုတော့ သဘောကျမိတာအမှန်ပင်။ သူတို့ကလည်း ဒါကိုပဲ အနာပေါ် တုတ်ကျ ဖြစ်သွားကြမှာပါပဲ။

အဓိပတိလမ်းမကြီးက သမဂ္ဂအဆောက်အဦးရှိခဲ့ဖူးတယ်ဆိုတဲ့ အဓိပတိလမ်းမရဲ့ အစ လက်ယာဘက်အစွန်ဆုံးက ကြေကွဲနေတဲ့ ကွက်လပ်ကြီးနဲ့ အဓိပတိလမ်းမကြီးရဲ့အဆုံးက ဘွဲ့နှင်းသဘင်ခန်းမကြီးတို့ကို ဆက်ဆံရေးပြတ်တောက်မသွားရလေအောင်တည်းခံပေးနေတဲ့ ကြိုးကြီးတချောင်းလို့ကျမမြင်ယောင်လာမိတယ်။

ကျမအဲဒီနေရာမှာလမ်းစလျှောက်ခဲ့ဖူးတာက (၁၉၈၇) ခုနှစ်၊ ကျမရဲ့ အဝေးသင်တတိယနှစ်စာမေးပွဲဖြေဆိုတော့မယ့် အနီးကပ်သင်တန်း ကာလမှာပါ။ အဖေက ကျမကို ကလေးလိုသဘောထားပြီး ကျောင်းလိုက်ပို့ခဲ့တာလို့ ဟိုတုန်းကထင်ခဲ့မိပေမယ့် တကယ်တော့ ကျောင်း ကသင်မပေးတဲ့ သမိုင်းကြောင်းတွေ ကျမကို သူကိုယ်တိုင်လိုက်သင်ပေးခဲ့တာပါလားဆိုတာ အခုပြန်တွေးမိမှ ပေါ်လာပါတော့တယ်။

ကျမက သီချင်းတအေးအေးနဲ့ တခုခုကို အမြဲလုပ်နေတတ်ခဲ့သူ။ အဲဒီတုန်းက လူငယ်တွေရဲ့ စိတ်ကူးယဉ်ကမ္ဘာကြီးဖြစ်တဲ့ ရာဇူးကိုသာ လူငယ်ပီပီ မှန်းတန်းကြည်နူးနေတတ်သူလေ။ ဒီတော့ ကျမနားထောင်မိ ညည်းဆိုမိတဲ့သီချင်းတွေက–

ကျောင်းဖွင့်ရင် ရည်းစားလေးကိုခေါ်ပြီး ဦးချစ်လက်ဖက်ရည်သွားသောက်မယ်…ဆိုတာမျိုး
ဂျပ်ဆင်သာစကားပြောတတ်ခဲ့ရင် သူလေပြောပြလိမ့်မယ် ကိုယ်ဘယ်လိုစောင့်တာသူအသိဆုံး၊ မောင့်အချစ်ဆုံးရေ…ဆိုတာမျိုး
မာလာဆောင်ဒီလမ်းအရှေ့မှာ ဂီတာသံညတိုင်းကြားတယ်၊ စာသင်လာသူလေးရဲ့အခန်းကကွယ်…ဆိုတာမျိုးတွေပေါ့၊

အဲဒီလို ရင်ခုန်ကြည်နူးစရာကျမတို့ရဲ့ စိတ်ကူးယဉ်ကမ္ဘာကြီးထဲမှာ သွေးစွန်းတဲ့နေ့ရက်တွေလည်းရှိခဲ့သေးတာ ကျမတို့မြန်မာ့သမိုင်းထဲမှာ မပါခဲ့ဘူး။ တရားဝင်ထုတ်လွှင့်ခွင့်ရတဲ့ သီချင်းတိတ်ခွေတွေထဲမှာလည်း မကြားခဲ့ရဖူးဘူးလေ။

"ရိပ်ကနဲမြင်သမျှ သစ်ရွက်လှုပ်တာတောင်မချန်ဘဲ စက်သေနတ်နဲ့ အတွဲလိုက်ဆွဲပစ်နေကြတဲ့ စစ်သားတွေကို အဖေ့သူငယ်ချင်း တယောက်က လောက်လေးခွနဲ့ခံပစ်ခဲ့သေးတယ်။ နောက်တော့ စစ်သားတွေက လောက်စာတွေဘယ်ကထွက်လာသလဲဆိုတာသိသွားပြီး အတွဲလိုက်ဆွဲထည့်လိုက်တာ သူ့ဦးနှောက်တွေကနောက်ကလောက်စာထုတ်ပေးနေတဲ့သူငယ်ချင်းရဲ့မျက်နှာမှာ သွားကပ်ကုန်တယ်၊ အဲဒီသူငယ်ချင်းရော၊ သူတို့ကိုမြင်နေရတဲ့ ဆရာတယောက်ရော သွက်သွက်ခါအောင်ရူးသွားတော့တာပဲ"

ဝန်ထမ်းအားလုံးပါတီဝင်ဖြစ်စေရမယ်ဆိုပါရဲ့နဲ့ အဖေ ဘာကြောင့် ပါတီဝင်မဖြစ်ခဲ့သလဲဆိုတာရဲ့အဖြေကို မဆလသက်တန်းကုန်ခါနီးလေး ကျမှ ကျမသိခွင့်ရလိုက်ခဲ့တာပါ။

(နှစ်)

အဲဒီ (၈၇) ခုနှစ်ရဲ့ စက်တင်ဘာလဆန်းပိုင်းမှာပဲ ငွေစက္ကူအရေးအခင်းလေးစဖြစ်ခဲ့ပါတယ်။ တနိုင်ငံလုံးက ဝန်ထမ်းတွေကို လစာထုတ်ပေးပြီးလို့မှ တပတ်မပြည့်ခင် တရားမဝင်ငွေစက္ကူတွေကို ကြေညာခဲ့ပြီး တလလုံးစားစရာမရှိတော့တဲ့ ဝန်ထမ်းတွေကို ငွေလည်း ပြန်လဲ မပေးခဲ့တဲ့ စစ်အစိုးရရဲ့ တာဝန်ပျက်ကွက်မှုတွေကိုကျောင်းသားတွေက ဦးထုတ်တွေချွတ်၊ လမ်းပေါ်ထွက်လာကြပြီး လာသမျှကားတွေကို ရပ်တန့်စေပြီး ပိုက်ဆံထွက်တောင်းခြင်းနဲ့ တိုင်းပြည်ရဲ့အခြေအနေမှန်ကို ဆန္ဒပြခဲ့ကြပါတယ်။ အစိုးရရဲ့ ဖြေရှင်းနည်းကတော့ ကျောင်းတွေ ပိတ်ပစ်လိုက်ခြင်းပါပဲ။

ရှစ်လေးလုံးအရေးတော်ပုံကြီးဟာ လက်ဖက်ရည်ဆိုင်ရန်ပွဲကစခဲ့တာပါလို့ ဘယ်လိုပဲကျောင်းသားတွေကို အပုတ်ချခဲ့ပါစေ၊ ဖြစ်ရပ်မှန် ကတော့ အစိုးရရဲ့ မူဝါဒသဘောထားတွေ၊ တိုင်းပြည်အပေါ်မှာ မျက်နှာလွှဲခဲပစ် တာဝန်မယူမှု၊ တာဝန်ပျက်ကွက်မှုတွေ၊ လူငယ်တွေရဲ့ ဖွံ့ဖြိုးရှင်သန်လာတဲ့ နိုင်ငံရေးအတွေးအခေါ်နဲ့ လှုပ်ရှားမှုများကို မြေလှန်သုတ်သင်လိုက်ခြင်းပါ။

**အာဏာရှင်ရဲ့ ပစ်မိန့်ပေးသံ၊ မောင်းပြန်သေနတ်သံတွေကြား**
**ပြည်သူတွေရဲ့ဟစ်ကြွေးသံ မိုးယံမှာလွင့်နေ**
**နိုင်ငံတော်ကို အသစ်မွေးဖွားရန် သမိုင်းမှာလိုလားနေပြီလေ**
**မြန်မာနိုင်ငံ ပဋ္ဌမမြောက်ကို တို့ထူထောင်စို့လေ**

ဗိုလ်ချုပ်နေဝင်းရဲ့ "စစ်တပ်ဆိုတာ မိုးပေါ်ထောင်မဖောက်ဘူး" ဆိုတဲ့ နားဝင်ဆိုးလှတဲ့ ကမ္ဘာကျော် သမိုင်းဝင်မိန့်ခွန်းရယ်…
နိုင်ငံတော်ကို အသစ်မွေးဖွားဖို့လှုပ်ရှားကြိုးစားနေတဲ့ လူငယ်မျိုးဆက်သစ်တွေရယ်…

လူငယ်တွေကိုထောက်ခံအားပေးဖို့ ဝိုင်းရံပြုံဆင်းလာတဲ့လူထုကြီးရယ်...
ပေတရာပေါ်မှာ ချောင်းစီးနေတဲ့ သွေးတွေရယ်...

**သင်္ချိုင်းကုန်းက ကျုပ်တို့ဖခင်၊ နိုးပြီးတော့ပြလိုက်စမ်းချင်**
**ကျုပ်တို့ချစ်တဲ့ ကယ်တင်ရှင်ဗိုလ်ချုပ်ရေ့...**
**ပြည်သူတွေသေပွဲ ထကြည့်ပါအုံး...** ဆိုတဲ့ ကျမတို့ရဲ့ အမျိုးသားခေါင်းဆောင်ကြီး၊ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်ကို တမ်းတတိုင်တည်သံတွေရယ်ဟာ ရှစ်လေးလုံးရဲ့ ဘယ်တော့မှ မပျောက်တော့မယ့် အနာရွတ်တွေဖြစ်ပါတယ်။

**နိုင်ငံတော်သစ်မွေးဖွားခြင်းရဲ့ နေအာရုဏ်မတက်ခင်**
**ဒီမိုကရေစီမထွန်းကားသေးတော့ ဗမာပြည်အမှောင်ကျနေ**
**လူကိုလူလိုအုပ်ချုပ်ရေးမျိုး ဗမာပြည်မှာမရှိပေ...**

တကယ်တော့ လူကိုလူလိုအုပ်ချုပ်နိုင်ဖို့ အခြေခံဥပဒေကို ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ တိုင်းရင်းသားခေါင်းဆောင်ကြီးတွေက (၁၉၄၇) ခုနှစ်က ရေးဆွဲပေးခဲ့ပြီးဖြစ်ပါတယ်။ **ဥပဒေကဲ့သို့ အာဏာတည်စေသောအမိန့်**များနဲ့ နှစ်ပေါင်းနှစ်ဆယ်နီးပါး အုပ်ချုပ်မင်းမူနေစရာ အကြောင်း  ဘာဆို ဘာမှမရှိပါဘူး။

ကိုယ့်အလုပ်မဟုတ်ဘဲနဲ့လည်း သန်း(၃၀၀)လောက်ကုန်ကျစရိတ်တွေပြပြီး ညောင်နှစ်ပင်ညီလာခံကို ဆယ်နှစ်ကျော်ကျင်းပနေစရာ အကြောင်းလည်း ကျင်းပနေစရာအကြောင်းမရှိပါဘူး။

ဗိုလ်ချုပ်တို့လို တိုင်းပြည်နဲ့လူမျိုးအပေါ်မှာ တကယ်ချစ်တဲ့၊ ပညာတတ်ပုဂ္ဂိုလ်များက ကိုလိုနီဘဝမှာတောင် ခေတ်မှီ နည်းကျတဲ့ အခြေခံ ဥပဒေကို  လေးလမျှနဲ့ အချောကိုင်အဆင့်အထိပြီးအောင်ရေးဆွဲပေးနိုင်ခဲ့ပေမယ့်

နအဖစစ်အုပ်စုကတော့ ဘယ်တော့မှ အတည်ဖြစ်မလာနိုင်တဲ့ သူတို့ရဲ့ အရေခြုံဥပဒေကို နှစ်ရှည်လများဆွဲနေခဲ့ပါတယ်။ ကျမတို့ပြည်သူ တွေရဲ့အတွက်ကတော့ မင်းဆိုးမင်းညစ်တွေ အုပ်ချုပ်နေမှဖြင့် ဥပဒေနဲ့ပဲဖြစ်ဖြစ်၊ ဥပဒေမဲ့ပဲဖြစ်ဖြစ် ဘာမှထူးခြားလာမှာမဟုတ်ပါဘူး။

ကျမတို့က ကျမတို့အပေါ်မှာ လူကို လူလိုအုပ်ချုပ်မယ့် အစိုးရမျိုးကိုသာ အလိုရှိပါတယ်။
ဥပဒေရဲ့အောက်မှာ ပြည်သူနဲ့အတူ စည်းကမ်းသေဝပ်စွာရှိနေမယ့်အစိုးရမျိုးကိုသာ လိုချင်နှစ်လိုပါတယ်။
ပြည်သူကို ရင်မှဖြစ်သော သားနဲ့မခြား... အမိရင်ခွင်တွင်းကသားငယ်သည် မိခင်ရဲ့ မျက်နှာကို ထိုးကြိတ်ကန်ကျောက်သော်ငြား အပြုံးမပျက်၊ ချစ်ခင်နိုင်စွမ်းသော...မင်းကျင့်တရားနှင့်အညီအုပ်ချုပ်ကျင့်ကြံနိုင်တဲ့ ခေါင်းဆောင်ကောင်းမျိုးကိုသာ လိုအပ်ပါတယ်။

ဥပဒေကမည်သို့ပင်ဆိုစေ...ဆိုတဲ့ မင်းဆိုးမင်းညစ်မျိုး ...
ငါရှင်ဘုရင်၊ ဘယ်နှစ်ပတ်ကက ...ဆိုတဲ့ ငါတကောကော ကောတဲ့ သူပုန်အစိုးရမျိုးကို ကျမတို့အလိုမရှိပါဘူး။
အဲဒီလိုလူစားမျိုးတွေက ရေးဆွဲတဲ့ အခြေခံဥပဒေဆိုတာတွေကိုလည်း အတည်ပြုမပေးနိုင်ပါဘူး။

**ဗမာပြည်နာဇီလက်သစ်ဂိုဏ်းကို ဥပဒေတွေနဲ့ အရေခြုံပြီး**
**အာဏာပိုင်အဖွဲ့အစည်းများအသွင် လုပ်မနေပါနဲ့လေ...**

ကျမတို့မြန်မာ့သမိုင်းတွေမှာ နယ်ချဲ့အင်္ဂလိပ်ကိုသင်ကြားရတဲ့အခါ ပြဌာန်းစာအုပ်မှာ ဖက်ဆစ်ရဲ့ အဓိပ္ပာယ်ကို ‘အထူးရက်စက် ကြမ်းကြုတ်သော’လို့ အဓိပ္ပာယ်ဖွင့်ဆိုပါတယ်။ ဂျာမနီမှာတော့ နာဇီ တဲ့။

ကျမတို့နိုင်ငံက မျိုးချစ်တေးပြုဆရာများက (၆၂) ခုနှစ်တုန်းက စစ်အစိုးရရဲ့လုပ်ရပ်တွေကိုတင်စားရေးဖွဲ့ရာမှာ **ဖက်ဆစ်နယ်မြေ အသင် ဖွေရှာ တက္ကသိုလ်တို့ကျောင်း အဲဒီတနေရာ** လို့ရေးဖွဲ့ခဲ့ကြသလို၊ (၈၈) မှာတော့ **ဗမာပြည်နာဇီလက်သစ်ဂိုဏ်းကို ဥပဒေတွေနဲ့ အရေခြုံပြီး** ရယ်လို့ ရေးလိုက်ကြပြန်ပါတယ်။

တိုင်းပြည်ကို ချစ်လှပါချည်ရဲ့ဆိုတဲ့ ကျမတို့ရဲ့စစ်ခေါင်းဆောင်ကြီးတွေဟာ ကမ္ဘာမှာ နံမည်အပျက်ဆုံးစနစ်ဆိုးတွေနဲ့ တိုင်းပြည်ကို ဖျက်ဆီးပြီးနေတဲ့နောက်မှတော့ လုံအောင်မှ ဖုံးလို့မရတဲ့ အပုတ်နံ့တွေ၊ အရှုပ်ထုတ်တွေကို ဥပဒေတွေနဲ့အရေခြုံနေဖို့လည်းမလိုတော့ပါ။ ဒီလိုအချိန်မျိုးမှာ အခြေခံဥပဒေရေးဆွဲလို့ ပြီးကာနီးပါပြီ၊ ပြည်သူ့ဆန္ဒခံယူပွဲကို မကြာခင်ကျင်းပပါတော့မယ်ဆိုတဲ့အခါမှာ အတော်လေး ကို စိတ်ကသိကအောက်ဖြစ်ရပါတယ်။ ပြည်သူတွေက (၉၀) ရွေးကောက်ပွဲမှာ ကိုယ်စီကိုယ်စီ ဆန္ဒတွေပြခဲ့ကြပြီးပြီမဟုတ်လား။ အဲဒီ တုန်းက လက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့မဲတွေတောင်မှ ကျမတို့ ပြည်သူတွေရဲ့မဲတွေနဲ့ ခွဲထုတ်ယူလို့မရအောင် ပေါင်းစည်းခဲ့တာလေ။

တကယ်လို့ ဆန္ဒခံယူပွဲကိုသာ မှန်မှန်ကန်ကန်ကျင်းပပေးမယ်လို့ယုံကြည်ရလောက်တဲ့ အထောက်အထားတွေရမယ်ဆိုရင် ကျမတို့ ပြည်သူတွေကလည်း အကြိမ်တရာမကလည်း ပြန်ပြန်ပြီး ကျမတို့ရဲဆန္ဒတွေကို မှတ်ကျောက်အတင်ခံရဲပါတယ်။

(သုံး)

တကယ်လို့များပြည်သူ့ဆန္ဒခံယူပွဲ အမှန်တကယ်ပေါ်လာပြီဆိုပါတော့။
ဘဝသံသရာကို ယုံကြည်သူတယောက်အနေနဲ့ ကျမက ဒီလိုတွေးမိပါတယ်။ (၆၂) ခုနှစ်က မိုင်းခွဲပစ်သတ်ခံခဲ့ရတဲ့ကျောင်းသားတွေ၊ ဦးသန့်အရေးအခင်းမှာ အလောင်းချင်းထပ်ခဲ့ရတဲ့ ကျောင်းသူကျောင်းသားတွေ၊ (၈၈) အရေးအခင်းမှာ ရေသေထွေးကျဆုံး သွားခဲ့ရတဲ့ ကျောင်းသားပြည်သူတွေရဲ့ နောက်တဖန်ဘဝတွေပြန်စနေကြပြီဆိုရင် သူတို့ဟာ အသက် (၄၀) တန်းကနေ မဲပေးနိုင်တဲ့ ပထမဆုံးအရွယ် (၁၈) နှစ်ကိုတော့ ပြန်ရနေကြတော့မှာဖြစ်ပါတယ်။

အရိုးတွန်သံ ဆိုတာကို ကျမ ကြားဖူးပေမယ့် မကြုံဖူးသေးပါ။ ပြည်သူ့ဆန္ဒခံယူပွဲဟာ အရိုးတွန်သံကျူးရင့်ချိန်ပဲဆိုတဲ့ အတွေးဝင်လာခိုက်မှာ ကျမစိတ်တွေ အပြင်းအထန်လှုပ်ရှားလာပါတယ်။

**ပြည်သူတွေနဲ့ကျောင်းသားအလောင်းတွေ အရိုးတွန်ချိန်ရောက်လာပြီလေ**
**နိုင်ငံတော်လူသတ်မှုတွေ ရုံးတင်စစ်ဆေးပေး**

ကျမကိုယ်တိုင်လည်း (၆၂) ခုနှစ်ရဲ့ လူဝင်စားဖြစ်ချင်ဖြစ်နေမှာလေ။

**ခွာညို(၂၈ရက်၊ဇွန်လ၂၀၀၇ခုနှစ်)**